# ဝန်ထမ်းကျင့်ဝတ

ဤဝန်ထမ်းကျင့်ဝတ်အား လိုက်နာခြင်းဖြင့် အဖွဲ့အစည်းတစ်ရပ်လုံးအတွက်သာမက အဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများနှင့်တကွ ပါဝင်ပတ်သက်သူများအားလုံးအတွက အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။
ဤဝန်ထမ်းကျင့်ဝတ်၏ အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

**(၁)အဂတိ လိုက်စားမှု ဆန့်ကျင်တိုက်ဖျက်ရေးမူဝါဒ**

ကျွန်ုပ်တို့သည် အဂတိ လိုက်စားခြင်းကို လုံးဝသည်းခံခွင့်လွှတ်မှုမရှိသည့် မူဝါဒကို ကျင့်သုံးပါသည်။

**(၂)အဖွဲ့အစည်း၏ပွင့်လင်းမြင်သာမှု**

ကျွန်ုပ်တို့ အစုရှယ်ယာရှင်များနှင့်တကွ အခြားသက်ဆိုင်သူများနှင့် ဆက်ဆံရာတွင် ပွင့်လင်းမြင်သာမှု ရပါသည်။

**(၃)လူ့အခွင့်အရေး၊ ကျန်းမာရေး နှင့် လုံခြုံရေး**

ကျွန်ုပ်တို့သည် ဝန်ထမ်းအားလုံးအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် အလုပ်ခွင်ပတ်ဝန်းကျင်ကိုဖန်တီး ပေးထားပါသည်။

**(၄)လူမှုပတ်ဝန်းကျင် နှင့် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်သိတတ်မှု**

ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ကိုင်ရာတွင် ပြည်သူလူထု၏ လူ့အခွင့်အရေး၊ မြေယာနှင့်သယံဇာတ ပိုင်ဆိုင်မှု အခွင့်အရေးများအား လေးစားလိုက်နာပါသည်။

**(၅) သဘာဝပတ်ဝန်းကျင်**

ကျွန်ုပ်တို့သည် စီးပွားရေးလုပ်ငန်းများ ဆောင်ရက်ရာတွင် 'စွမ်းအင်ချွေတာရန်' ဟူသည့် ဆောင်ပုဒ်ကို အစဉ်အမြဲ လက်ခံကျင့်သုံးပါသည်။

**(၆) တရားဥပဒေကို လေးစားလိုက်နာခြင်း**

ကျွန်ုပ်တိုသည် လုပ်ငန်းနှင့်သက်ဆိုင်သည့်ဒေသ၏ လက်ရှိတည်ဆဲဥပဒေများကို လေးစားလိုက်နာ ပါသည်။

**(၇) တာဝန်သိ ဝန်ထမ်း၏ သတင်းပေးခြင်း**

ကျွန်ုပ်တို့သည် အဖွဲ့အစည်းအတွင်း ဤဝန်ထမ်းကျင့်ဝတ်အား ချိုးဖောက်သည့် အခြေအနေများကို မြင်တွေ့ရသည့်အခါတွင် တာဝန်သိသတင်းပေးခြင်းကို ထောက်ခံအားပေးပါသည်။ ထိုတင်ပြချက်များ ကိုလည်း အခြားမည်သူတစ်ဦးတစ်ယောက်မျှ မသိစေဘဲ လျှို့ဝှက်ပေးထားမည် ဖြစ်ပါသည်။

## (၈) ကုမ္ပဏီ အကျိုးစီးပွားနှင့် ကိုယ်ပိုင်အကျိုးစီးပွား တိုက်ဆိုင်မှု

ဝန်ထမ်းတိုင်းသည် ဆင်ခြင်တုံတရားသုံး၍ ဝေဖန်ပိုင်းခြားရန် လိုအပ်ပြီး တာဝန်များကိုထမ်းဆောင်ရာတွင် သမာဓိရှိမှု၊ တာဝန်ခံမှု နှင့် ပွင့်လင်းမှုရှိရမည်ဖြစ်သည်။ ထို့အပြင် မိမိတို့၏တာဝန်ဝတရားများနှင့် ကိုယ်ပိုင်အကျိုးစီးပွားကို တိုက်ဆိုင်မှုမရှိစေရန် အထူးသတိပြုရန်လိုအပ်သည်။

## (၉) လက်ဆောင်ပစည်း နှင့် ဧည့်ခံဖျော်ဖြေမများ

လက်ဆောင်ပစည်းပေးကမ်းခြင်းနှင့် ဧည့်ခံဖျော်ဖြေမှုများပြုလုပ်ခြင်းသည် လာဘ်ပေးလာဘ်ယူ အသွင်ဆောင ခြင်းကြောင့် သတ်မှတ်ထားသည့် ပမာဏအတွင်းသာ ပေးကမ်းရန်နှင့် ဧည့်ခံ ဖျော်ဖြေမှုများကိုလည်း ခွင့်ပြုချက် ရယူပြီးမှသာ ပြုလုပ်ရမည် ဖြစ်သည်။

ဝန်ထမ်းများအားလုံးသည် အထက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များအား နားလည် သဘောပေါက်ပြီး လေးစားလိုက်နာရမည် ဖြစ်သည်။ ဤဝန်ထမ်းကျင့်ဝတ်နှင့် ပတ်သက်၍ မေးမြန်းလိုပါက သက်ဆိုင်ရာ ဌာနတာဝန်ခံ (သို့) www.kbzgroup.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။